## 4 ဆေးကုသမှုနှင့် ပင်စင် (F ဆေးကုသမှု၊ G ပင်စင် ကိုကြည့်ပါ။)

ကျန်းမာရေးအာမခံ ပြုလုပ်ထားခြင်းဖြင့် အလုပ်သမားနှင့် ၎င်း၏ မိသားစု ထိခိုက်ဒဏ်ရာ နှင့် နေထိုင်မကောင်းဖြစ်သောအခါ လိုအပ်သော ဆေးကုသမှုစရိတ်နှင့် ထောက်ပံ့ကြေးငွေ ပေးအပ်ခံရနိုင်သည်။ ထို့အပြင် ပင်စင်အာမခံ ထည့်ဝင်ထားခြင်းဖြင့် သတ်မှတ်ထားသော အချက်အလက်များ ပြည့်စုံလျှင် ပင်စင်ပေးအပ်ခံရနိုင်သည်။

### 4-1 ဆေးကုသမှု

ဂျပန်နိုင်ငံတွင် နေထိုင်လျှက်ရှိသော နိုင်ငံခြားသားများသည် ကျန်းမာရေးအာမခံ နှင့် ပြည်သူ့ကျန်းမာရေးအာမခံ တစ်ခုခုအား လျှောက်ထားနိုင်သည်။ ၎င်းအာမခံမဝင်ထားလျှင် ကျန်းမာရေးစရိတ်အားလုံးကို မိမိမှ ကျခံရမည်ဖြစ်သည်။

#### (1) ကျန်းမာရေး အာမခံ

ကျန်းမာရေးအာမခံဝင်ထားသည့်လုပ်ငန်းတွင် ပုံမှန်အလုပ်ရှိနေသည့် နိုင်ငံခြားသားများသည်လည်း ကျန်းမာရေးအာမခံ အကျုံးဝင်သောကြောင့် ၎င်းကို မဝင်မနေရဖြစ်သည်။ ကျန်းမာရေးအာမခံဝင်ထားခြင်းဖြင့် ကာယကံရှင်နှင့် ၎င်း၏မိသားစုရောဂါနှင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး စမ်းသပ်ခံယူသောအခါတွင် လိုအပ်သော ကျန်းမာရေးစရိတ်နှင့် ထောက်ပံ့ငွေပေးအပ်ခံရသည်။ ရောဂါနှင့် ထိခိုက်ဒဏ်ရာ အပြင် ကလေးမီးဖွားခြင်း၊ သေဆုံးခြင်း စသည့် အခြေအနေများတွင်ပါ ထောက်ပံ့ကြေးရရှိနိုင်သည်။ ကျန်းမာရေးအာမခံသည် အလုပ်သမားနှင့် အလုပ်ရှင်မှ ၅၀ရာခိုင်နှုန်းစီ ကျခံရသည်။ ၎င်းအာမခံ မဝင်ထားလျှင် ဆေးကုသကုန်ကျစရိတ်အားလုံးကို ကာယကံရှင်မှ ကျခံရမည်။ အသေးစိတ်ကို မိမိအလုပ်နေရာနှင့် ပတ်သက်တာဝန်ရှိသော လူမှုအာမခံရုံးတွင် မေးမြန်းစုံစမ်းပါ။ (F ဆေးကုသမှု 4−2 ကျန်မာရေးအာမခံ အညွှန်း)

#### (2) ပြည်သူ့ကျန်းမာရေး အာမခံ

ကျန်းမာရေးအာမခံ၏ အကျုံးမဝင်သော နိုင်ငံခြားသားများသည် နေထိုင်သူအခြေခံစာရင်းတွင် အကျုံးဝင်ပြီး လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ သတ်မှတ်ထားသော နေထိုင်ခွင့်ကာလ ၃ လအထက်ရှိသူ နိုင်ငံခြားသားများ (၃လအောက်ရှိလျှင်လည်း ၎င်းနောက် ၃လကျော်ပြီး ဂျပန်နိုင်ငံတွင် နေထိုင်သည်ဟု အသိအမှတ်ပြုခံရသူများပါ ပါဝင်) သည် အခြေခံအားဖြင့် ပြည်သူ့ကျန်းမာရေးအာမခံ လျှောက်ထားရသည်။ ပြည်သူ့ကျန်းမာရေးအာမခံ ဝင်ထားခြင်းဖြင့် ၎င်းသည် ရောဂါနှင့် ထိခိုက်ဒဏ်ရာဖြင့် စမ်းသပ်စစ်ဆေးကုသမှုကို ခံယူသောအခါတွင် လိုအပ်သော ကျန်မာရေးစရိတ် စသည်ကို ရရှိနိုင်သည်။ ကလေးမီးဖွားခြင်းနှင့် သေဆုံးခြင်းစသည့်အခါတွင်လည်း ထောက်ပံ့ကြေးရှိသည်။ အသေးစိတ်ကို မိမိနေထိုင်ရာကို မှတ်ပုံတင်ထားသော မြို့နယ်အစိုးရရုံးများတွင် မေးမြန်းစုံစမ်းပါ။ (F ဆေးကုသမှု 4−3 ပြည်သူ့ကျန်မာရေးအာမခံ ကိုကြည့်ပါ။)